# Highlights from DVB Debate's Mobile Access & Reforms Show

# March 4, 2017

# "How is Mobile Access helping Reforms?"

"အစိုးရကနေ ထုတ်ပြန်ပြီး ကျနော်တို့ ပြန်သုံးလို့ရတဲ့ အချက်အလက်တွေ မရှိဘူး. ကိုးကားမှုပြန်ယူလို့ရတဲ့ အခြေအနေရှိမှသာ မိုလ်ဘိုင်းဖုန်းတွေက အရွေ့မှာ ပါနိုင်မယ်။ အခုက အိုင်တီသမားတွေက analysis လုပ်ဖို့ ဒေတာပြန်ကောက်ဖို့ လုပ်လို့ မရဘူး"

ဦးစိုးသီဟနောင် - အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်ဘတ်စ်ကားရီပို့ အပလီကေးရှင်း

---

"နောက်ဆုံးပေါ် နည်းပညာတွေကို ကျွမ်းကျွမ်းကျင်ကျင်သုံးနိုင်တဲ့ အသိပညာ အတတ်ပညာတွေ လိုသေးတယ်"

ဦးမိုက်ကယ်စွန်သ - ဒစ်ဂျယ်တယ်/ဆိုင်ဘာ လုံခြုံရေးဆိုင်ရာ ပညာရှင်

---

"အိန္ဒိယမှာဆို အမှန်းစကားတွေကို အစိုးရမေတ္တာရပ်ခံချက်နဲ့ ဖေ့ဘွတ်က တခါထဲ ဘန်း ထားတယ် တချို့ကိစ္စတွေက ဥပဒေအရ ကိုင်တွယ်တာထက် တခါထဲ ကြိုတင်ကာကွယ်ထားလိုက်တာ ကောင်းတယ်"

ဦးစိုးသီဟနောင် - အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်ဘတ်စ်ကားရီပို့ အပလီကေးရှင်း

---

"အကြောက်တရားက ဖွံ့ဖြိုးမှုဖြစ်စေမှာမဟုတ်ဘူး။ ကျနော်တို့ဆီမှာက မိုလ်ဘိုင်းနဲ့ပတ်သက်တဲ့ ဥပဒေတော့ မရှိသေးဘူး လုံခြုံရေးပိုင်းဆိုင်ရာ ဥပဒေတွေတော့ ရှိနေတယ်"

ဦးမိုက်ကယ်စွန်သ - ဒစ်ဂျယ်တယ်/ဆိုင်ဘာ လုံခြုံရေးဆိုင်ရာ ပညာရှင်

---

"မြန်မာလို ရိုးရိုးရှင်းရှင်းရေးထားတဲ့ အပလီကေးရှင်းတွေ များများထွက်နိုင်ဖို့လိုတယ် အခုကျနော်တို့ နည်းပညာသမားတွေမှာလည်း ပထမဗားရှင်းလောက်ပဲ လုပ်နိုင်တယ် မတတ်နိုင်ဘဲ ရပ်နေရရော ဒုတိယဗားရှင်းထိထွက်ဖို့ရာ အစိုးရအနေနဲ့လည်း ပံ့ပိုးပေးဖို့ လိုတယ်"

ဦးစိုးသီဟနောင် - အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်ဘတ်စ်ကားရီပို့ အပလီကေးရှင်း

---

"လုံခြုံရေးရှုထောင့်ကနေကြည့်ရင် လွှတ်တော်တွေမှာ တံခါးပိတ်အစည်းအဝေးတွေလုပ်ကြတယ်ပေါ့ အစည်းအဝေးခန်းထဲက ကွန်ပျူတာတွေတွေ ဘယ်သူဆင်တာလဲ နက်ခ်ဝေ့ါတွေရော ဘယ်သူဆင်လဲ တံခါးပိတ်အစည်းအဝေးတွေက သတင်းတွေပေါက်နေတာက နောက်ဆုံးပေါ် နည်းပညာတွေကို သေချာ မသုံးနိုင်တဲ့ အန္တရာယ်ပေါ့"

ဦးမိုက်ကယ်စွန်သ - ဒစ်ဂျယ်တယ်/ဆိုင်ဘာ လုံခြုံရေးဆိုင်ရာ ပညာရှင်